# NAPLAN Online - မိဘများနှင့် စောင့်ရှောက်သူများအတွက် အချက်အလက်များ

2020

## သင့်ကလေးသည် 2020 ခုနစ်တွင် NAPLAN စစ်ဆေးမှုများကို အွန်လိုင်းမှဖြေဆိုသွားပါမည်။

ဖက်ဒရယ်၊ ပြည်နယ်နှင့် ဒေသတွင်း ပညာရေး ဝန်ကြီးများသည် ကျောင်းသားများနှင့် ပို၍အံဝင်ခွင်ကျဖြစ်သည့် ပိုမိုကောင်းမွန်ပြီး တိကျသော အကဲဖြတ်စစ်ဆေးမှုများ ပြုလုပ်နိုင်ရန်အတွက် ကျောင်းများအားလုံး လက်ရှိစာရွက်သုံး NAPLAN မှ NAPLAN Online သို့ တဖြည်းဖြည်း ကူးပြောင်းရန် သဘောတူထားပြီးဖြစ်သည်။

ပြည်နယ်နှင့် ဒေသတွင်းပညာရေး အာဏာပိုင်များသည် မိမိတို့ကျောင်းများ အွန်လိုင်းသို့ကူးပြောင်းမည့်အချိန်ကို သတ်မှတ်သွားမည်ဖြစ်သည်။ လက်ရှိအစီအစဉ်မှာ ကျောင်းများအားလုံး NAPLAN Online သို့ 2021 ခုနစ်တွင် နောက်ဆုံးထား ကူးပြောင်းရန်ဖြစ်သည်။

NAPLAN Online ၏ အဓိကအကျိုးကျေးဇူးများအနက် တစ်ခုမှာ ကျောင်းသား၏ စွမ်းဆောင်ရည်ပေါ် မူတည်ပြီး ရှုပ်ထွေးမှုအဆင့်ပိုမြင့်သည့် သို့မဟုတ် ပိုနိမ့်သည့် မေးခွန်းများ ပါဝင်ပြီး လိုအပ်ချက်အလိုက် အံဝင်ခွင်ကျစီမံထားသော (သို့မဟုတ် ပြင်ဆင်ညှိနှိုင်းထားသော) စစ်ဆေးမှုဖြစ်သည်။

အံဝင်ခွင်ကျစီမံထားသော (သို့မဟုတ် ပြင်ဆင်ညှိနှိုင်းထားသော) စစ်ဆေးမှုကို ကျောင်းသားများ၏ ပိုမိုကျယ်ပြန့်သော အရည်အသွေးအမျိုးမျိုးကို အကဲဖြတ်စစ်ဆေးရန်နှင့် ကျောင်းသား၏ အောင်မြင်မှုကို ပိုမိုတိကျစွာ တိုင်းတာနိုင်ရန် ဖန်တီးထားခြင်းဖြစ်သည်။ သင့်ကလေးအနေဖြင့် မေးခွန်းများမှာ ပုံမှန်ထက်ပိုမိုခက်ခဲနေသည်ဟု တွေ့ရှိရလျှင် စိုးရိမ်ပူပန်ရန်မလိုပါ၊ ၎င်းတို့သည် ပိုမိုရှုပ်ထွေးသော စစ်ဆေးမှု လမ်းကြောင်းတစ်ခုကို ဖြေဆိုနိုင်မည်ဖြစ်သည်။ ကျောင်းသားတစ်ဦး၏ ပျမ်းမျှ NAPLAN ရမှတ်မှာ ၎င်းတို့ မှန်ကန်စွာဖြေဆိုနိုင်သော မေးခွန်းအရေအတွက်နှင့် ယင်းမေးခွန်းများ၏ ရှုပ်ထွေးမှုပေါ်တွင် မူတည်သည်။

## ကျောင်းသားများသည် အဘယ်ကြောင့် NAPLAN ကို ဖြေဆိုကြသနည်း။

နိုင်ငံအဆင့်အကဲဖြတ်စစ်ဆေးမှု အစီအစဉ် - စာပေနှင့် ဂဏန်းသချာ် (NA-PLAN) သည် ကလေးငယ်တိုင်းအတွက် ကျောင်းတက်ရောက်ချိန်နှင့် ဘဝတစ်လျှောက်လုံး တိုးတက်မှုရရှိရန် မရှိမဖြစ်လိုအပ်သော စာပေနှင့် ဂဏန်းသချာ်အရည်သွေးများကို ဆန်းစစ်အကဲဖြတ်ခြင်းဖြစ်သည်။

3 ၊ 5 ၊ 7 နှင့် 9 တန်းကျောင်းသားများသည် နှစ်စဉ်ကျင်းပသည့် NAPLAN အဖတ်၊ အရေး၊ ဘာသာစကား လုပ်ထုံးလုပ်နည်းများ (စာလုံးပေါင်း၊ သဒ္ဒါနှင့် ပုဒ်ဖြတ်ပုဒ်ရပ်) နှင့် ဂဏန်းသချာ် စစ်ဆေးမှုများအား ဖြေဆိုကြသည်။

ဤစစ်ဆေးမှုမှ မိဘများနှင့်ကျောင်းများအား ကျောင်းသားတစ်ဦးသည် စစ်ဆေးမှုများဖြေဆိုနေချိန်တွင် မည်သို့စွမ်းဆောင်နိုင်သည်ကို နားလည်စေရန် ပံ့ပိုးပေးသည်။ NAPLAN သည် ကျောင်း၏အကဲဖြတ်စစ်ဆေးမှုနှင့် အစီရင်ခံသည့် လုပ်ငန်းစဉ်၏ ရှုထောင့်တစ်ရပ်သာဖြစ်သည် - ယင်းသည် ဆရာများက ကျောင်းသားများ၏ စွမ်းဆောင်ရည်နှင့်ပတ်သက်၍ စစ်ဆေးသည့် လက်ရှိစစ်ဆေးမှုများနှင့် အစားထိုးခြင်းမဟုတ်ပါ။

NAPLAN သည် ကျောင်းများ၊ ပညာရေးအာဏာပိုင်များနှင့် အစိုးရများအား ပညာရေးအစီအစဉ်များ လုပ်ကိုင်လျက်ရှိပုံနှင့် ဩစတြေးလျလူငယ်များ စာပေနှင့် ဂဏန်းသချာ်တို့တွင် အရေးကြီးသည့် ပညာရေးရလဒ်များကို အောင်မြင်အောင်ဆောင်ရွက်နိုင်မှုရှိမရှိနှင့်ပတ်သက်သည့် အချက်အလက်များကိုလည်း ပေးပါသည်။

## NAPLAN သည် မည်သည်တို့ကို အကဲဖြတ်သနည်း။

NAPLAN သည် ကျောင်းသားများ ပုံမှန်ကျောင်းသင်ရိုးများတွင် သင်ကြားကြနေရသည့် စာပေနှင့် ဂဏန်းသချာ်အရည်အသွေးများကို အကဲဖြတ်ပါသည်။ အစိုးရနှင့် အစိုးရမဟုတ်သော ပညာရေးအာဏာပိုင် အဖွဲ့အစည်းများအားလုံး NAPLAN အချက်အလက်များ ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြပါသည်။

ကျောင်းသားများမှာ စစ်ဆေးမှုကို အွန်လိုင်းဖြင့် သို့မဟုတ် စာရွက်ဖြင့်ပင်ဖြေဆိုပါစေ ၎င်းတို့အား စာပေနှင့် ဂဏန်းသချာ် သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာတစ်ခုတည်းကို စစ်ဆေးသည့်အတွက် ပုံစံနှစ်ခုစလုံးအတွက် ရလဒ်များကို တူညီသော NAPLAN အကဲဖြတ်စစ်ဆေးမှု အတိုင်းအတာအားဖြင့် အစီရင်ခံနိုင်မည်ဖြစ်သည်။ NAPLAN Online အကြောင်း ပိုမိုသိရှိလိုပါက nap.edu.au သို့ ဝင်ရောက်ကြည့်ရှုပါ

## ကျွန်ုပ်သည် ကျွန်ုပ်ကလေးကို မည်သို့ကူညီပြင်ဆင်ပေးနိုင်မည်နည်း။

သူ့ကိုယ်ပိုင်မှုအရ NAPLAN သည် လေ့လာပြီးဖြေဆိုနိုင်သော စစ်ဆေးမှုတစ်ခုမဟုတ်ပါ၊ ကျောင်းသားများမှလည်း ထိုသို့လုပ်ဆောင်ရန် မျှော်လင့်မထားပါ။

သင့်ကလေးအား NAPLAN သည် ၎င်းတို့ကျောင်းအစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်သာဖြစ်ကြောင်း ပြောပြထားပြီး ဖြေဆိုသည့်နေ့တွင် အကောင်းဆုံးဖြေဆိုရန်သာ သတိပေးခြင်းဖြင့် သင့်ကလေးကို ကူညီပေးပါ။

ACARA (ဩစတြေးလျ သင်ရိုးညွှန်းတမ်း၊ အကဲဖြတ်စစ်ဆေးရေးနှင့် အစီရင်ခံတင်ပြရေး အာဏာပိုင်အဖွဲ့) မှ NAPLAN အတွက် အလွန်အမင်း ပြင်ဆင်ခြင်း သို့မဟုတ် သင်ကြားရေးပံ့ပိုးသူများမှ ဝန်ဆောင်မှုများအား အသုံးပြုခြင်းကို ထောက်ခံချက်ပေးမထားပါ။

ကျောင်းသားများအား စက်ကိရိယာများအသုံးပြုခြင်း၊ ၎င်းတို့ပေါ်တွင် စာရိုက်ခြင်း၊ အစီအစဉ်များမှတစ်ဆင့် ရှာဖွေခြင်းတို့နှင့် ရင်းနှီးအောင်ဆောင်ရွက်ပေးခြင်းသည် ကျောင်းသားများ၏ သင်ကြားရေးအစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ပထမနှစ်ကျောင်းနေချိန်မှ ဆောင်ရွက်ရမည့် ဩစတြေးလျ

သင်ရိုးညွှန်းတမ်း လိုအပ်ချက်တစ်ခုဖြစ်သည်။

NAPLAN Online သည် ကီးဘုတ်စွမ်းရည်ကို စစ်ဆေးခြင်းမဟုတ်ပါ။ ကျောင်းသားတစ်ဦးသည် လက်ဖြင့် မည်မျှထိမြန်မြန်ဆန်ဆန်နှင့် ကောင်းကောင်းမွန်မွန်ရေးနိုင်ခြင်းမှာ အမျိုးမျိုးရှိသကဲ့သို့ -ကျောင်းသားတစ်ဦး မည်မျှထိမြန်မြန်ဆန်ဆန်နှင့် ကောင်းကောင်းမွန်မွန် စာရိုက်နိုင်ခြင်းမှာလည်း အမျိုးမျိုးရှိသည်။ 3 တန်းကျောင်းသားတစ်ဦးသည် စာရွက်ပေါ်တွင် အရေးစစ်ဆေးမှုကို ပြီးမြောက်အောင်ဖြေဆိုရမည်။

ဆရာများအနေဖြင့် ကျောင်းသားများအား စစ်ဆေးမှုများမှ မေးခွန်းအမျိုးအစားများနှင့် ရင်းနှီးမှုရှိအောင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး သင့်လျော်သော ပံ့ပိုးမှုနှင့် လမ်းညွှန်မှုများပေးသွားပါမည်။

မေးခွန်းအမျိုးအစားများနှင့် ဆက်စပ်နေသည့် လုပ်ဆောင်ချက်များကို NAPLAN Online စစ်ဆေးမှု nap.edu.au/online-assessment/public-demonstration-site တွင် ကြည့်ပါ။

## NAPLAN တွင် ပါဝင်ဖြေဆိုခြင်း

၃၊ ၅၊ ၇ နှင့် ၉ တန်းကျောင်းသားများအားလုံးသည် နှစ်စဉ်ပြုလုပ်သည့် NAPLAN အကဲဖြတ်စစ်ဆေးမှုတွင် ပါဝင်ဖြေဆိုရန် မျှော်လင့်ထားသည်။ မသန်စွမ်းကျောင်းသားများသည် စာသင်ခန်းစစ်ဆေးမှုများအတွက် ပုံမှန်အားဖြင့်ပေးထားသော ပံ့ပိုးမှုကို ထည့်သွင်းစဉ်းစားထားသည့် ညှိနှိုင်းပြင်ဆင်မှုများအတွက် သတ်မှတ်ချက်ကိုက်ညီနိုင်ပါသည်။ သင်သည် သင့်ကလေးအတွက် ညှိနှိုင်းပြင်ဆင်မှုတစ်စုံတစ်ရာ အသုံးပြုမှုအကြောင်း သင့်ကလေး၏ဆရာဖြစ်သူနှင့် ဆွေးနွေးသင့်ပါသည်။

အကဲဖြတ်စစ်ဆေးမှုတွင် ပါဝင်နိုင်စွမ်းအပေါ် ဆိုးဆိုးရွားရွား အကန့်အသတ်ရှိသော မသန်စွမ်းကလေးငယ်တစ်ဦး သို့မဟုတ် မကြာသေးမီကမှ သြစတြေးလျနိုင်ငံသို့ ရောက်ရှိလာပြီး အင်္ဂလိပ်စကားပြောကြားခြင်းမရှိသည့် နောက်ခံသမိုင်းရှိသော ကျောင်းသားများအနေဖြင့် တရားဝင်ကင်းလွတ်ခွင့်ရရှိနိုင်ပါသည်။

သင့်ကျောင်း၏ ကျောင်းအုပ်ကြီးနှင့် သင့်ဒေသခံ စစ်ဆေးရေးကြီးကြပ်မှု အာဏာပိုင်အဖွဲ့သည် သင့်အား အထူးပြဋ္ဌာန်းချက်များ သို့မဟုတ် တရားဝင်ကင်းလွတ်ခွင့်တစ်ခုရရှိရန် လိုအပ်သော လုပ်ငန်းစဉ်နှင့် ပတ်သက်သည့် အချက်အလက်များကို ပိုမိုပေးနိုင်ပါလိမ့်မည်။

## ကျွန်ုပ်ကလေးသည် NAPLAN နေ့များတွင် ကျောင်းပျက်လျှင် မည်သို့ဖြစ်မည်နည်း။

ဖြစ်နိုင်ပါက ကျောင်းများအနေဖြင့် စစ်ဆေးစဉ်အချိန်အတွင်း ပျက်ကွက်သော သီးခြားကျောင်းသားများအတွက် ကျောင်းမှစစ်ဆေးရန် သတ်မှတ်ထားသော အချိန်ကာလအတွင်း လွဲခဲ့သည့် စစ်ဆေးမှုများကို အခြားတစ်ချိန်၌ ဖြေဆိုရန် စီစဉ်ပေးနိုင်ပါလိမ့်မည်။ သီးခြားကျောင်းသားများအနေဖြင့် 2020 ခုနှစ်၊ မေလ 22 ရက် သောကြာနေ့နောက်ပိုင်း NAPLAN Online စစ်ဆေးမှုများကို ဖြေဆိုခွင့်ရမည်မဟုတ်ပါ။

## NAPLAN Online 2020 အချိန်ဇယား

NAPLAN Online အတွက် အကဲဖြတ်စစ်ဆေးမည့် ကာလမှာ စာရွက်ဖြင့်ဖြေဆိုရန်အတွက်သတ်မှတ်ခဲ့သည့် သုံးရက်အစား ကိုးရက်သတ်မှတ်ထားပါသည်။ ယင်းမှာ ကျောင်းများအား အချိန်ဇယားဆွဲရာတွင် ပြောင်းသာပြင်သာရှိစေပြီး ကိရိယာနည်းပါးသော ကျောင်းများကို သင့်လျော်သလိုပြင်ဆင်နိုင်မည်ဖြစ်သည်။

NAPLAN Online အကဲဖြတ်စစ်ဆေးရေးကာလကို 2020 ခုနှစ် မေလ 12 ရက် အင်္ဂါနေ့မှ မေလ 22 ရက် သောကြာနေ့အထိ ဖွင့်ပေးထားပါသည်။

အွန်လိုင်းစစ်ဆေးမှု အချိန်ဇယားသတ်မှတ်ချက်များကို အောက်ပါဇယားတွင် အသေးစိတ်ဖော်ပြထားသည်။

## ကျွန်ုပ်ကလေး၏ စွမ်းဆောင်ရည်ကို မည်သို့ မှတ်တမ်းတင်ထားသနည်း။

ကျောင်းသားတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်ကို အကဲဖြတ်မှုတစ်ခုစီအတွက် နိုင်ငံအဆင့် အောင်မြင်မှုအတိုင်းအတာတစ်ခုအနေဖြင့် ဖော်ပြပါသည်။ နိုင်ငံ၏ အနိမ့်ဆုံးစံနှုန်းရှိ ရလဒ်တစ်ခုမှ ကျောင်းသားသည် ယင်းပညာသင်နှစ်အဆင့်တွင် အပြည့်အဝ ပါဝင်ရန်လိုအပ်သည့် အခြေခံစာပေနှင့် ဂဏန်းသင်္ချာကျွမ်းကျင်မှုများ ရှိကြောင်း ပြသနေသည်။

ကျောင်းသားတစ်ဦးစီအတွက် NAPLAN အစီရင်ခံစာတစ်စောင်ကို သင့်ကလေး၏ ကျောင်းမှ ဤပညာသင်နှစ်နောက်ပိုင်းအချိန်တွင် ထုတ်ပေးပါလိမ့်မည်။ သင်သည် အစီရင်ခံစာတစ်စောင်မရရှိပါက သင့်ကလေးကျောင်းကို ဆက်သွယ်သင့်ပါသည်။

## NAPLAN စစ်ဆေးမှုရလဒ်များကို မည်သို့အသုံးပြုသနည်း။

- ကျောင်းသားများနှင့် မိဘများသည် တိုးတက်မှုကို ဆရာများနှင့်ဆွေးနွေးရန်အတွက် တစ်ဦးစီ၏ရလဒ်များကို အသုံးပြုနိုင်သည်။
- ဆရာများသည် ပိုမိုကြီးမားသော အခွင့်အလမ်းများမှ အကျိုးကျေးဇူးရရှိနိုင်သော ကျောင်းသား သို့မဟုတ် ထပ်ဆောင်းပံ့ပိုးရန်လိုအပ်သော ကျောင်းသားများကို ပိုမိုကောင်းမွန်စွာ ခွဲထုတ်နိုင်ရန် ရလဒ်များကို အသုံးပြုပါသည်။
- ကျောင်းများသည် သင်ကြားရေးအစီအစဉ်များကို မြှင့်တင်ရန်၊ စာပေနှင့် ဂဏန်းသင်္ချာတို့တွင် ရည်မှန်းချက်များ သတ်မှတ်ရန်အတွက် အားသာချက်နှင့် အားနည်းချက်များကို ထုတ်ဖော်ရန် ရလဒ်များကို အသုံးပြုပါသည်။
- ကျောင်းစနစ်များသည် အစီအစဉ်များနှင့် ကျောင်းများအား ပေးအပ်သည့် ပံ့ပိုးမှုများကို သုံးသပ်ရန် ရလဒ်များကို အသုံးပြုမည်ဖြစ်သည်။
- ရပ်ရွာအသိုက်အဝန်းအနေဖြင့် ပျမ်းမျှ NAPLAN ကျောင်းရလဒ်များကို myschool.edu.au တွင် ကြည့်ရှုနိုင်ပါသည်

## နောက်ထပ်အချက်အလက်များကို ကျွန်ုပ်မည်သည့်နေရာတွင် ရရှိနိုင်ပါသနည်း။

NAPLAN နှင့်ပတ်သက်၍ အချက်အလက်ပိုမိုသိရှိလိုပါက -

- သင့်ကလေးကျောင်းကို ဆက်သွယ်ပါ
- သင့်ဒေသခံစစ်ဆေးရေး စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့ထံ nap.edu.au/TAA ၌ ဆက်သွယ်ပါ
- nap.edu.au တွင် ဝင်ရောက်ကြည့်ရှုပါ

ACARA သည် NAPLAN အတွက် ကိုယ်ရေးအချက်အလက်များ မည်သို့ကိုင်တွယ်ပုံကို သိရှိနိုင်ရန် nap.edu.au/naplanprivacy တွင် လေ့လာပါ

| စစ်ဆေးမှု | အချိန်ဇယားသတ်မှတ်ရေး လိုအပ်ချက်များ | ကြာချိန် | စစ်ဆေးမှုဖော်ပြချက် |
|---|---|---|---|
| အရေး | 3 တန်းကျောင်းသားများသည် စာရွက်ဖြင့် ရေးဖြေစာမေးပွဲ ဖြေဆိုရမည် (ပထမနေ့သာလျှင်)<br>5 တန်းကျောင်းသားများ ပထမနေ့တွင် စတင်ရမည် (ကျောင်းများသည် ပထမနေ့နှင့် ဒုတိယနေ့တွင်သာ အရေးစစ်ဆေးမှုကို ဦးစားပေးပြုလုပ်ရမည်)<br><br>7 တန်းနှင့် 9 တန်းကျောင်းသားများ ဒုတိယနေ့တွင် စတင်ရမည် (ကျောင်းများသည် ဒုတိယနေ့နှင့် တတိယနေ့တွင်သာ အရေးစစ်ဆေးမှုကို ဦးစားပေးပြုလုပ်ရမည်) | 3 တန်း - 40 မိနစ်<br>5 တန်း - 42 မိနစ်<br>7 တန်း - 42 မိနစ်<br>9 တန်း - 42 မိနစ် | ကျောင်းသားများကို 'ရေးသားရန်လှုံ့ဆော်ပေးသည့်အချက်' (တစ်ခါတစ်ရံ 'အရိပ်အမြွက်' ဟုခေါ်သည့် - စိတ်ကူးတစ်ခု သို့မဟုတ် ခေါင်းစဉ်) တစ်ခုပေးပြီး သီးသန့်အမျိုးအစားအလိုက် (ဇာတ်ကြောင်းပြန်ပြောသည့်ပုံစံ သို့မဟုတ် ဆွဲဆောင်ရေးသားသည့်ပုံစံ) ဖြင့် တုံ့ပြန်ရေးသားခိုင်းရမည်။ |
| အဖတ် | အွန်လိုင်းကျောင်းများသည် NAPLAN စစ်ဆေးမှုကို ကိုးရက်တာ စစ်ဆေးရေးကာလအတွင်း ပြီးမြောက်စေရန်ဆောင်ရွက်ရမည်၊ 7 တန်းနှင့် 9 တန်းကျောင်းသားများသည် ပထမနေ့တွင် အဖတ်စစ်ဆေးမှုကို စတင်နိုင်သည်၊ သို့သော် အရေးစစ်ဆေးမှုသည် ပထမနေ့မှစ၍ ပြန်လည်အချိန်သတ်မှတ်ထားသည့် မည်သည့်အဖတ်စစ်ဆေးမှုထက်မဆို ဦးစားပေးရမည်ဖြစ်သောကြောင့် အရေးစစ်ဆေးမှုကို ဒုတိယနေ့တွင် စတင်ရမည်<br><br>ဘာသာစကားလုပ်ထုံးလုပ်နည်းစစ်ဆေးမှု မစတင်မီ ပြီးမြောက်စေရန် | 3 တန်း - 45 မိနစ်<br>5 တန်း - 50 မိနစ်<br>7 တန်း - 65 မိနစ်<br>9 တန်း - 65 မိနစ် | ကျောင်းသားများသည် သုတပေးသော၊ စိတ်ကူးယဉ်ဆန်သော၊ ဆွဲဆောင်မှုရှိအောင်ရေးသားထားသော ပြဋ္ဌာန်းစာများစွာကို ဖတ်ရှုပြီးနောက် သက်ဆိုင်ရာမေးခွန်းများကို ဖြေဆိုရမည် |
| ဘာသာစကားလုပ်ထုံးလုပ်နည်းများ | အဖတ်စစ်ဆေးမှုပြီးနောက် ပြီးမြောက်စေရန် | 3 တန်း - 45 မိနစ်<br>5 တန်း - 45 မိနစ်<br>7 တန်း - 45 မိနစ်<br>9 တန်း - 45 မိနစ် | ဤစစ်ဆေးမှုသည် စာလုံးပေါင်း၊ သဒ္ဒါနှင့် ပုဒ်ဖြတ်ပုဒ်ရပ်များကို အကဲဖြတ်စစ်ဆေးပေးသည် |
| ဂဏန်းသင်္ချာ | ဘာသာစကားလုပ်ထုံးလုပ်နည်းစစ်ဆေးမှုပြီးနောက် ပြီးမြောက်စေရန် | 3 တန်း - 45 မိနစ်<br>5 တန်း - 50 မိနစ်<br>7 တန်း - 65 မိနစ်<br>9 တန်း - 65 မိနစ် | ဤစစ်ဆေးမှုသည် ကိန်းဂဏန်း၊ အက္ခရာသင်္ချာ၊ အတိုင်းအတာနှင့် ဂျီဩမေတြီ၊ စာရင်းအင်းနှင့် ဖြစ်နိုင်မှုတို့ကို အကဲဖြတ်စစ်ဆေးပေးသည် |